# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)

၁။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကွန်ယက်တစ်ခုဖြစ်သည်။ UNDP ၏ရုံးချုပ်သည် အမေရိကန်ပြည်ထောင်စု၊ နယူးယော့မြို့တွင်တည်ရှိပြီး ရည်ရွယ်ချက်မှာ လူသားတို့အနေဖြင့် ပိုမိုကောင်းမွန်သည့်ဘဝရပ်တည်မှုရရှိနိုင်ရန်အတွက် အသိပညာ၊ အတွေ့အကြုံ၊ အရင်းအမြစ်များဖြင့် ထောက်ပံ့ကူညီပေးရန်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော နိုင်ငံများအားအကြံဉာဏ်ပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အမြဲတမ်း အထောက်အပံ့ပေးခြင်းလုပ်ငန်းစဉ်သည် အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ်ပါဝင်ပါသည်။

၂။ UNDP သည်ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ အမှုဆောင်ဘုတ် တစ်ခုအဖြစ်ပါဝင်ပြီး UNDP အကြီးအကဲသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ပြီးနောက် တတိယမြောက်အဆင့်အမြင့်ဆုံးအရာရှိ ဖြစ်သည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များပြည့်မီရေးနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအတွက် UNDP သည်အားဖြည့်ကူညီပေးပါသည်။ UNDP သည် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ HIV/AIDS ရောဂါတိုက်ဖျက်ရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထွန်းကားရေး၊ စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ ပဋိပက္ခများဖြေရှင်းခြင်း၊ လူ့အခွင့်အရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထူးပြုဆောင်ရွက်လျက်ရှိသည်။

၄။ UNDP ၏လုပ်ငန်းစဉ်များတိုးတက်မှုအား ဆန်းစစ်ချက်အနေဖြင့် UNDP

အစီရင်ခံစာဌာနမှ လူသားဖွံ့ဖြိုးတိုးတက်မှုနှစ်ပတ်လည်အစီရင်ခံစာများအား ၁၉၉၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေလျက်ရှိသည်။ ထို့အပြင် UNDP လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဒေသအလိုက်၊ နိုင်ငံအလိုက်အစီရင်ခံစာများအား နှစ်စဉ်ထုတ်ဝေလျက်ရှိပါသည်။

၅။ UNDP၏ရံပုံငွေအား အဖွဲ့ဝင်နိုင်ငံများမှ လှူဒါန်းထည့်ဝင်ကြပါသည်။ UNDP သည် ကမ္ဘာ့နိုင်ငံပေါင်း ၁၇၇ နိုင်ငံတွင် ၎င်းတို့၏လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူစွမ်းအားအရင်းအမြစ် မြှင့်တင်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာနိုင်ငံများ၏အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ပြည့်မီရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။ UNDP သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအား အကောင်အထည်ဖော်ပေးသည့် အဓိကအဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။

၆။ UNDP အား ၁၉၆၅ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် Expanded Programme of Technical Assistance (EPTA) နှင့် အထူးရံပုံငွေအဖွဲ့တို့ ပူးပေါင်းကာတည်ထောင်ခဲ့ခြင်းဖြစ်သည်။ EPTA အား ၁၉၄၉ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် နိုင်ငံများသို့ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာကူညီထောက်ပံ့မှုများ ပေးအပ်သွားရန်ရည်ရွယ်ကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အထူးရံပုံငွေအဖွဲ့အား ကနဦးတွင် Special United Nations Fund for Economic Development (SUNFED) ဟုခေါ်တွင်ခဲ့ပြီး အဆိုပါရံပုံငွေအား နော်ဒစ်နိုင်ငံများ (ဒိန်းမတ်၊ နော်ဝေ၊ ဖင်လန်၊ အိုက်စလန်) တို့၏ ပံ့ပိုးမှုဖြင့်စတင်ခဲ့ခြင်းဖြစ်ကာ ကမ္ဘာ့

ကုလသမဂ္ဂအဖွဲ့ကြီးမှ အဆိုပါရံပုံငွေအားစီမံခန့်ခွဲပါသည်။ သို့သော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများ၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် အဆိုပါရံပုံငွေအား တတိယကမ္ဘာ့နိုင်ငံများမှ လွှမ်းမိုးချုပ်ကိုင်သွားမည်ကိုစိုးရိမ်ခဲ့ကြသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ဘဏ်၏ ငွေကြေးဆိုင်ရာထိန်းချုပ်မှုအောက်မှ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရေး အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန်အဆိုပြုခဲ့သည်။ ထို့ကြောင့် ၁၉၆၅ ခုနှစ်တွင် Expanded Programme of Technical Assistance (EPTA) နှင့် အထူးရံပုံငွေအဖွဲ့တို့ ပေါင်းစည်းကာ UNDP ကိုတည်ထောင်ခဲ့သည်။

၇။ UNDP ၏နှစ်စဉ်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၂ဘီလီယံမှ ၅ ဘီလီယံအထိရှိပြီး International Aid Transparency Initiative (IATI) ၏ ထုတ်ပြန်ချက်အရ UNDP ၏ ၂၀၁၂ ခုနှစ် မှ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်ကဏ္ဍအလိုက် အသုံးစရိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | အသုံးစရိတ်(အမေရိကန်ဒေါ်လာသန်းပေါင်း) | | | | | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ပေါင်း |
| ၁ | လုံခြုံရေးဆိုင်ရာ | ၆၂၄.၃ | ၅၄၁.၇ | ၅၉၁.၆ | ၆၄၃.၈ | ၆၅၆.၄ | ၃,၀၅၇.၉ |
| ၂ | HIV/AIDS | ၄၁၅.၉ | ၄၂၀.၄ | ၄၁၂.၁ | ၄၆၅.၂ | ၄၈၃.၅ | ၂,၁၉၈.၁ |
| ၃ | ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်ရေး ပိုင်း | ၂၁၆.၃ | ၂၉၉.၃ | ၃၇၂.၂ | ၄၅၆.၉ | ၄၆၂.၉ | ၁,၈၀၇.၇ |
| ၄ | ဗဟိုထိန်းချုပ်မှု လျှော့ချရေး နှင့် ဒေသဆိုင်ရာအစိုးရများအားအထောက် အပံ့ပေးခြင်း | ၂၅၆.၇ | ၃၂၇.၅ | ၃၀၂.၇ | ၃၃၈.၄ | ၅၀၅.၈ | ၁,၇၃၁.၁ |

| စဉ် | ကဏ္ဍ | အသုံးစရိတ်(အမေရိကန်ဒေါ်လာသန်းပေါင်း) | | | | | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ပေါင်း |
| ၅ | ပြန်လည်ထူထောင်ရေး | ၂၄၉ | ၂၈၂.၅ | ၃၃၈.၁ | ၃၇၆.၅ | ၄၂၂ | ၁,၆၆၈.၂ |
| ၆ | ရွေးကောက်ပွဲဆိုင်ရာ | ၁၅၇.၈ | ၂၆၇.၈ | ၃၃၀.၃ | ၂၇၉ | ၁၄၉.၈ | ၁,၁၈၄.၇ |
| ၇ | သဘာဝဘေးအန္တရာယ် ဆိုင်ရာ | ၁၄၆.၄ | ၁၇၀.၂ | ၂၁၁.၂ | ၂၄၃.၇ | ၂၄၁.၃ | ၁,၀၁၂.၉ |
| ၈ | စွမ်းအင်ဆိုင်ရာ | ၁၁၃.၃ | ၁၅၇ | ၁၉၈.၉ | ၂၁၂.၃ | ၃၁၆.၂ | ၉၉၇.၆ |
| ၉ | အထွေထွေရံပုံငွေကူညီမှု | ၇၇.၆ | ၁၄၂.၇ | ၂၆၃.၁ | ၂၂၃.၇ | ၂၇၃.၉ | ၉၈၁.၁ |
| ၁၀ | လူမှုဖူလုံရေး | ၁၀၈.၇ | ၁၄၉.၄ | ၁၅၅.၄ | ၂၁၉.၄ | ၁၉၅.၂ | ၈၂၈.၁ |
| ၁၁ | ဥပဒေပြုရေးနှင့်တရားစီ ရင် ရေး | ၆၂.၁ | ၇၆.၆ | ၉၇.၅ | ၁၁၃.၈ | ၁၀၆.၉ | ၄၅၆.၈ |
| ၁၂ | သဘာဝပတ်ဝန်းကျင်ဆိုင် ရာ | ၄၉.၆ | ၆၃.၄ | ၇၀.၉ | ၉၅.၄ | ၁၂၂ | ၄၀၁.၃ |
| ၁၃ | ပြန်လည်ပြည့်ဖြိုးမြဲစွမ်း အင်ဆိုင်ရာ | ၄၂.၈ | ၄၄.၄ | ၆၀.၃ | ၁၀၁ | ၁၂၅.၂ | ၃၇၃.၇ |
| ၁၄ | ဒီမိုကရေစီနှင့် လူမှုအဖွဲ့ အစည်း များဆိုင်ရာ | ၅၆.၃ | ၆၂.၁ | ၆၂.၁ | ၆၅.၉ | ၇၆.၆ | ၃၂၃ |
| ၁၅ | လူ့အခွင့်အရေးဆိုင်ရာ | ၂၈.၁ | ၄၅.၅ | ၅၂.၄ | ၈၈.၅ | ၅၆.၂ | ၂၇၀.၈ |
| ၁၆ | အခြား | ၃၃၄.၅ | ၃၁၅.၅ | ၃၇၉.၈ | ၅၀၇.၃ | ၉၆၉.၅ | ၂,၅၀၆.၆ |
| | **စုစုပေါင်း** | **၂,၉၃၉.၅** | **၃,၃၆၇.၁** | **၃,၈၉၈.၅** | **၄,၄၃၀.၉** | **၅,၁၆၃.၆** | **၁၉,၇၉၉.၆** |




၂၀၁၆ခုနှစ်အတွင်း UNDP မှလုပ်ငန်းဆောင်ရွက်ခဲ့သည့်ဒေသများနှင့်ရုံပုံငွေ

၈။ UNDP ရုံးခွဲများနှင့် ဝန်ထမ်းများသည်ကမ္ဘာ့နိုင်ငံပေါင်း (၁၇၇)နိုင်ငံတွင် အခြေစိုက်ကာ သက်ဆိုင်ရာအစိုးရများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် လက်တွဲပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်မှုများအား ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။ UNDP သည်အောက်ပါလုပ်ငန်းနယ်ပယ်(၅)ခုအား အဓိကထားဆောင်ရွက်လျက်ရှိပါသည်-

(က) **ပဋိပက္ခများဖြေရှင်းခြင်းနှင့်ပြန်လည်ထူထောင်ခြင်း။** လက်နက်ကိုင်ပဋိပက္ခများနှင့်ရင်ဆိုင်နေရသည့်နိုင်ငံများအတွက် သက်ဆိုင်ရာအစိုးရအတွက် လိုအပ်သောထောက်ပံ့မှုများကူညီပေးခြင်း၊ ဆန်းစစ်ချက်များထုတ်ပြန်ခြင်း၊ လူသားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကူအညီများပေးခြင်း၊

ဆွေးနွေးညှိနှိုင်းမှုအစီအစဉ်များရေးဆွဲပေးခြင်း၊ မူဝါဒများချမှတ်ရာတွင် အကူအညီပေးခြင်းများ ဆောင်ရွက်ပေးပါသည်။

(ခ) **သဘာဝပတ်ဝန်းကျင်နှင့်စွမ်းအင်**။ သောက်သုံးရေလုံလောက်စွာရရှိရေး နှင့် သန့်ရှင်းသောရေရရှိရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုခြင်း၊ လေထုညစ်ညမ်းမှုနှင့် အိုဇုန်းလွှာထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်ငန်းများအား ထောက်ပံ့မှုများပေးခြင်းတို့အား ဆောင်ရွက်လျက်ရှိသည်။

(ဂ) **HIV/AIDS**။ HIV/AIDSရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးနှင့် ရောဂါဖြစ်ပွားမှု လျှော့ချရေးလုပ်ငန်းများတွင် အစိုးရများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

(ဃ) **မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ပြည့်မီရေးအတွက် အောက်ပါ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသည်-

(၁) ART Global Initiative၊

(၂) World Alliance of Cities Against Poverty၊

(၃) Territorial Approach to Climate Change၊

(၄) Africa–Kazakhstan Partnership for the SDGs။

(င) **လူသားဖွံ့ဖြိုးမှုအစီရင်ခံစာထုတ်ဝေခြင်း**။ ၁၉၉၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ်အစီရင်ခံစာများအား ပြုစုထုတ်ဝေခဲ့ပြီး အစီရင်ခံစာတွင် အဓိကအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု နှင့်ညွှန်းကိန်းများကို ဖော်ပြပါသည်။

၉။ UNDP အကြီးအကဲသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် တတိယမြောက် အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအုပ်စု၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ UNDP အကြီးအကဲအား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးက ရွေးချယ်ကာ ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုခန့်အပ်သည်။ သက်တမ်းမှာ (၄) နှစ်သက်တမ်းဖြစ်သည်။ အကြီးအကဲအဆက်ဆက်မှာအောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အမည် | နိုင်ငံ | ကာလ | မှတ်ချက် |
|---|---|---|---|---|
| ၁ | Paul G. Hoffman | အမေရိကန် | ၁၉၆၆-၁၉၇၂ | |
| ၂ | Rudolph A. Peterson | အမေရိကန် | ၁၉၇၂-၁၉၇၆ | |
| ၃ | F. Bradford Morse | အမေရိကန် | ၁၉၇၆-၁၉၈၆ | |
| ၄ | William Henry Draper | အမေရိကန် | ၁၉၈၆-၁၉၉၃ | |
| ၅ | James Gustave Speth | အမေရိကန် | ၁၉၉၃-၁၉၉၉ | |
| ၆ | Mark Malloch Brown | ယူကေ | ၁၉၉၉-၂၀၀၅ | |
| ၇ | Kemal Derviş | တူရကီ | ၂၀၀၅-၂၀၀၉ | |
| ၈ | Helen Clark | နယူးဇီလန် | ၂၀၀၉ မှယနေ့ထိ | |

UNDP ၏ဖွဲ့စည်းပုံဇယား




၁၀။ UNDP သည်မြန်မာနိုင်ငံ၏ အကူးအပြောင်းကာလအတွက်အရေးပါသော နိုင်ငံရေး၊ စီးပွားရေး နှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများအတွက် ထောက်ပံ့ကူညီမှုများ ပေးအပ်လျက်ရှိပါသည်။ ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနည်းလမ်းကျ အုပ်ချုပ်ရေးစနစ်များ မြှင့်တင်ရေးလုပ်ငန်းစဉ်များအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ၁၉၉၀ ပြည့်နှစ်မှစတင်ကာ UNDP သည်မြန်မာနိုင်ငံအား ကူညီထောက်ပံ့မှုများ စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ လက်ရှိအချိန်တွင် ၂၀၁၃- ၂၀၁၇ မဟာဗျူဟာစီမံကိန်းချမှတ်ကာ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ပြည်တွင်း institutions များအား ခေတ်ကာလနှင့်

ကိုက်ညီသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးလွတ်လပ်ခွင့်ဆိုင်ရာ ကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၂။ UNDP သည် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် Project ပေါင်း (၂၃) ခု ဆောင်ရွက်ခဲ့ပြီးရံပုံငွေအမေရိကန်ဒေါ်လာ (၂၃.၃) သန်းသုံးစွဲခဲ့သည်။ အဆိုပါ ရံပုံငွေအား ကဏ္ဍအလိုက်သုံးစွဲမှုရာခိုင်နှုန်းကိုအောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



# ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ အုပ်ချုပ်ရေးမှူး Mr.Achim Steiner ၏ ကိုယ်ရေးအကျဉ်း




Mr.Achim Steiner သည် ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး ၄ နှစ်သက်တမ်းကို ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. António Guterres ၏ အမည်စာရင်းတင်သွင်းခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ က ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ၎င်းသည် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး၊ ရာသီဥတုဖောက်ပြန်မှုကို တားဆီးကာကွယ်ရေး၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးတို့တွင် ခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၎င်းသည် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီစဉ်၏ ဦးဆောင်သူအဖြစ် လည်းကောင်း၊ Nairobi တွင် ကုလသမဂ္ဂရုံး၏အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. António Guterres မှ ၎င်းနှင့်ပတ်သက်၍ မှတ်ချက်ပြုထားသည်မှာ "ရေရှည်တည်တံ့သော

သဘာဝပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေး၊ လူမှုရေးဆိုင်ရာတန်းတူညီမျှရေးနှင့် စီးပွားရေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ နိုင်ငံတကာမူဝါဒဖော်ဆောင်ရေးတွင် အောက်ခြေအဆင့်မှအဆင့်မြင့်ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့သောကြောင့် အတွေ့အကြုံများစွာကို ပိုင်ဆိုင်ထားသူ" ဟုဆိုထားပါသည်။

## ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP) လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Haoliang Xu




ကုလသမဂ္ဂ Mr. Haoliang Xuသည် တရုတ်နိုင်ငံသားတစ်ဦးဖြစ်သည်။ Tongji University မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့ပြီး the Stevens Institute of Technology (USA) မှ စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် မဟာဘွဲ့နှင့် Columbia University (USA) မှ နိုင်ငံတကာစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်မူဝါဒရေးရာ လေ့လာစမ်းစစ်ခြင်းဘာသာရပ်ဖြင့် မဟာဘွဲ့တို့ကိုရရှိခဲ့သည်။ ယခင်က New Jersey မြို့ရှိ Louis Berger International Inc. တွင် computer-aided design engineer နှင့် တရုတ်နိုင်ငံရှိ University in Shanghai တွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ - ၁၉၉၅ခုနှစ်တွင် UN Office for Project Services (UNOPS) တွင် အကြံပေးပုဂ္ဂိုလ်အဖြစ်လုပ်ကိုင်ခဲ့ပြီး New York မြို့ရှိ

UN Capital Development Fund (UNCDF) တွင် လက်ထောက်သုသေသနမှူး အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၇ - ၁၉၉၉ခုနှစ်တွင် ကာဇစ္စတန်နိုင်ငံ တွင်Programme Officer အဖြစ် လည်းကောင်း အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ သတင်းအချက်အလက်ဌာနတွင် Programme Manager အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀-၂၀၀၂ခုနှစ်တွင် UNDP ၏ ဒုတိယဒေသဆိုင်ရာကိုယ်စားလှယ်အဖြစ် အီရန်နိုင်ငံ တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၂-၂၀၀၄ခုနှစ်တွင် Timor-Leste နိုင်ငံဆိုင်ရာ စီမံခန့်ခွဲရေးမှူးနှင့် အကြီးတန်းဒုတိယဒေသဆိုင်ရာ ကိုယ်စားလှယ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၀၄-၂၀၀၅ခုနှစ်တွင် Pakistan နိုင်ငံဆိုင်ရာ လက်ထောက် ဒေသဆိုင်ရာကိုယ်စားလှယ်အဖြစ်လည်းကောင်း ၂၀၀၅-၂၀၀၇ ခုနှစ်တွင် Pakistan နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၀ ခုနှစ်တွင် New York မြို့ ၊ Regional Bureau for Europe and the Commonwealth of Independent States တွင် ဒေသဆိုင်ရာဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုး တိုးတက်မှုအစီအစဉ် (UNDP) လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် ၂၀၁၃ခုနှစ်၊ စက်တင်ဘာလတွင် စတင်တာဝန် ထမ်းဆောင်ခဲ့သည်။